ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မြေသြဇာကော်မတီ

အမိန့်ကြော်ငြာစာအမှတ် ( ၂ /၂၀၂၀)
၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက် )

## မြေသြဇာလိုင်စင် လျှောက်ထားခြင်းနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များ ထုတ်ပြန်ကြေညာခြင်း

၁။ မြေသြဇာကော်မတီသည် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသော မြေသြဇာများအား စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ သုံးစွဲနိုင်ရေးနှင့် မြေသြဇာလုပ်ငန်း လုပ်ကိုင်သူ လုပ်ငန်းရှင်များ မြေသြဇာထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် မြေသြဇာဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်လျက်ရှိရာတွင် မြေသြဇာဥပဒေပုဒ်မ ၄၈(ခ) နှင့် မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ မြေသြဇာလုပ်ငန်း လုပ်ကိုင်သူသည် မြေသြဇာလိုင်စင် လျှောက်ထားခြင်းနှင့် ပတ်သက်၍ အောက်ဖော်ပြပါ အချက်အလက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ (၅)အရ သိုလှောင်လိုင်စင်ကို စိုက်ပျိုးရေးဦးစီးဌာနသို့လည်းကောင်း၊ မြေသြဇာဥပဒေပုဒ်မ ၁၄(က) အရ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ကို တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံး သို့လည်းကောင်း လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်ရရှိပြီး မြေသြဇာများကို တစ်နှစ်အတွင်း Solid Fertilizer များဖြစ်သည့် Urea,TSuper, Potash, Compound စသည်တို့တွင် (၂၅)တန် နှင့် အထက်၊ ရွက်ဖျန်းမြေသြဇာအရည် (Foliar Fertilizer Liquid) များအတွက် (၂၀၀၀) လီတာ နှင့်အထက်၊ ရွက်ဖျန်းမြေသြဇာအမှုန့် (Foliar Fertilizer Powder) များအတွက် (၂၀၀၀) ကီလိုဂရမ်နှင့်အထက် သိုလှောင်ပါက သိုလှောင်လိုင်စင် လျှောက်ထားရမည်။

(ဂ) မြေသြဇာကို တစ်နှစ်အတွင်း Urea, T Super, Potash, Compound စသည့် Solid Fertilizer များအတွက် (၅)တန် နှင့်အထက်၊ ရွက်ဖျန်းမြေသြဇာအရည် (Foliar Fertilizer Liquid) များအတွက် ၂၀၀ လီတာ နှင့်အထက်၊ ရွက်ဖျန်းမြေသြဇာအမှုန့် (Foliar Fertilizer Powder) များအတွက် ၄၀၀ ကီလိုဂရမ် နှင့်အထက် ဖြန့်ဖြူး

ခြင်းနှင့် ရောင်းချခြင်းအတွက် မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လျှောက်ထားရမည်။

(ဃ) ပိုင်ရှင်တစ်ဦးတည်းက ဆိုင်နာမည်တစ်မျိုးတည်းဖြင့် တည်နေရာခွဲ၍ ရောင်းချပါက တည်နေရာအလိုက် ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ထပ်မံ ပြုလုပ်ရမည်။

(င) သိုလှောင်လိုင်စင် လျှောက်ထားရာတွင် အောက်ဖော်ပြပါ သတ်မှတ်ချက်များ ပြည့်စုံစွာပါရှိရမည်။

(၁) လျှောက်ထားသူအမည်၊ ကုမ္ပဏီအမည်

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/နိုင်ငံခြားသားမှတ်ပုံတင်အမှတ်/ ဧည့်နိုင်ငံသားမှတ်ပုံတင်အမှတ်

(၃) အမြဲတမ်းနေရပ်လိပ်စာ

(၄) မြေသြဇာသိုလှောင်သည့် အဆောက်အဦးလိပ်စာ
(က)အဆောက်အဦအမျိုးအစား
(ခ) ဧရိယာအကျယ်အဝန်း

(၅) စည်ပင်သာယာရေးကော်မတီမှ လုပ်ငန်းလိုင်စင်

(၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက် (EIA) ထောက်ခံချက်

(စ) သိုလှောင်လိုင်စင်ရရှိသူသည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(၁) မှတ်ပုံတင်ခွင့်ပြုပြီး မြေသြဇာများကိုသာ သိုလှောင်ရမည်။

(၂) လိုင်စင်တွင် ခွင့်ပြုသော တည်နေရာ/ လိပ်စာတွင်သာ မြေသြဇာကို သိုလှောင်ရမည်။

(၃) သိုလှောင်ရုံသည် လေဝင်လေထွက်ကောင်းရမည်။

(၄) သိုလှောင်ရုံသည် သင့်တော်သော အကျယ်အဝန်း ရှိရမည်။ လုပ်ငန်းဆောင်ရွက်သည့် အဆောက်အဦ၏ အကျယ်အဝန်းသည် ၁၆၀၀ စတုရန်းပေနှင့်အထက်ရှိပါက လုပ်ငန်းကြီးအဖြစ်သတ်မှတ်ပြီး၊ ၁၆၀၀ စတုရန်းပေအောက်ရှိပါက လုပ်ငန်းငယ်အဖြစ် သတ်မှတ်မည်။

(၅) သိုလှောင်ရာတွင် မြေသြဇာ အမျိုးအစားအလိုက် စနစ်တကျ ခွဲခြားထားသိုရမည်။

(၆) အိတ်များကို စနစ်တကျ စီထပ်ထားရမည်။ အမြင့် ၂၀ ပေထက် မကျော်လွန်ရပါ။

(၇) အိတ်များကို နံရံမှ ၂ ပေခွာ၍ ထပ်ထားပြီး တစ်ပုံနှင့်တစ်ပုံကြား ၃ပေ - ၅ ပေ အထိ ရှိရမည်။

(၈) အညွှန်းစာသားများ၊ အန္တရာယ် သတိပေး စာသားများ ချိတ်ဆွဲထားရမည်။

(၉) မြေသြဇာ အဝင်အထွက်စာရင်း စနစ်တကျထားရှိရမည်။

(၁၀) မြေသြဇာ ချိန်တွယ်စစ်ဆေးရန် ကတ္တားထားရှိရမည်။

(၁၁) စစ်ဆေးရေးအဖွဲ့က လာရောက် စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

(၁၂) အရည်အသွေး စစ်ဆေးရန်အတွက် နမူနာတောင်းခံလာပါက စစ်ဆေးရေးအဖွဲ့အား အခမဲ့ရယူခွင့်ပြုရမည်။

(၁၃) မြေသြဇာများကို လူနေအိမ်အတွင်း သိုလှောင်ထားခြင်းမပြုရ၊ စားသောက်ကုန်စည်များ နှင့်ရော၍ သိုလှောင်ခြင်းမပြုရ။

(၁၄) သိုလှောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အလုပ်သမားများ၏ ကျန်းမာရေး၊ လူမှုရေးကိစ္စများနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

(၁၅) မြေသြဇာကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဆ) ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လျှောက်ထားရာတွင် အောက်ဖော်ပြပါ သတ်မှတ်ချက်များ ပြည့်စုံစွာပါရှိရမည်။

(၁) လျှောက်ထားသူအမည်၊ ကုမ္ပဏီအမည်

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/နိုင်ငံခြားသားမှတ်ပုံတင်အမှတ်/ ဧည့်နိုင်ငံသားမှတ်ပုံတင်အမှတ်

(၃) အမြဲတမ်းနေရပ်လိပ်စာ

(၄) ဖြန့်ဖြူးရောင်းချမည့်ဆိုင်အမည်နှင့်လိပ်စာ
(က)အဆောက်အဦအမျိုးအစား
(ခ) ဧရိယာအကျယ်အဝန်း

(၅) စည်ပင်သာယာရေးကော်မတီမှ လုပ်ငန်းလိုင်စင်

(ဇ) ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ရရှိသူသည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(၁) မှတ်ပုံတင်ထားသော မြေသြဇာများကိုသာ ဖြန့်ဖြူးရောင်းချရမည်။

(၂) လိုင်စင်ခွင့်ပြုသော တည်နေရာ/ လိပ်စာတွင်သာ မြေသြဇာကို ဖြန့်ဖြူးရောင်းချရမည်။

(၃) မြေသြဇာ အတုကိုဖြစ်စေ၊ မူလစံချိန်စံညွှန်းနှင့် ကိုက်ညီခြင်း မရှိသော မြေသြဇာကိုဖြစ်စေ ဖြန့်ဖြူးရောင်းချခြင်းမပြုရ၊ မြေသြဇာအမည်၊ အမှတ်တံဆိပ်၊ အရည်အသွေးအာမခံချက်၊ ပါဝင်သည့်အာဟာရဓာတ် ရာခိုင်နှုန်း၊ သုံးစွဲနည်းတို့နှင့်စပ်လျဉ်း၍ မမှန်မကန် ကြော်ငြာရောင်းချ ခြင်းမပြုရ။

(၄) လိုင်စင်ကို အများမြင်သာသော နေရာတွင် ချိတ်ဆွဲထားရမည်။

(၅) ဖြန့်ဖြူးရောင်းချသည့် ဆိုင်သည် လေဝင်လေထွက် ကောင်းရမည်။

(၆) မြေသြဇာ အဝင်အထွက်စာရင်းများ စနစ်တကျထားရှိရမည်။

(၇) ချိန်တွယ်စစ်ဆေးရန် ကတ္တားထားရှိရမည်။

(၈) စစ်ဆေးရေးအဖွဲ့က လာရောက် စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

(၉) အရည်အသွေး စစ်ဆေးရန်အတွက် နမူနာတောင်းခံလာပါက စစ်ဆေးရေးအဖွဲ့အား အခမဲ့ရယူခွင့် ပြုရမည်။

(၁၀) ပေါက်ပြဲနေသော မြေသြဇာအိတ်များကို ရောင်းချခြင်းမပြုရ။

(၁၁) မြေသြဇာများကို လူနေအိမ်အတွင်း ဖြန့်ဖြူးရောင်းချခြင်းမပြုရ၊ စားသောက်ကုန်စည်များနှင့် တွဲဖက်၍ ရောင်းချခြင်းမပြုရ။

(၁၂) ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အလုပ်သမားများ၏ ကျန်းမာရေး၊ လူမှုရေးကိစ္စများနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

(၁၃) မြေသြဇာကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၃။ အပိုဒ်(၂)ပါအချက်အား လိုက်နာဆောင်ရွက်ခြင်းမရှိသော မြေသြဇာလုပ်ငန်း လုပ်ကိုင်သူများသည် မြေသြဇာဥပဒေပုဒ်မ ၁၅၊ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ တို့ကို ဖောက်ဖျက်သဖြင့် ပုဒ်မ ၂၄ စီမံခန့်ခွဲရေးနည်းလမ်းအရလည်းကောင်း၊ မြေသြဇာ ဥပဒေပုဒ်မ ၃၂ ကို ဖောက်ဖျက်သဖြင့် ပုဒ်မ ၃၆ အရလည်းကောင်း အရေးယူခြင်းခံရမည်။

( လှကျော် )
ဥက္ကဋ္ဌ
မြေသြဇာကော်မတီ

စာအမှတ်၊ မြေသြဇာ/၂၀၁၉-၂၀၂၀( ၆၅၂ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက်

ဖြန့်ဝေခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး
မြေသြဇာကော်မတီဝင်များအားလုံး
မြေသြဇာဆိုင်ရာနည်းပညာကော်မတီဝင်များအားလုံး

ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်။
ဒုတိယညွှန်ကြားရေးမှူးချုပ်များအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန
ညွှန်ကြားရေးမှူးများအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန
တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန

( ဒေါက်တာရဲတင့်ထွန်း )
အတွင်းရေးမှူး
မြေသြဇာကော်မတီ